# 2 နိုင်ငံကိုပေးဆောင်ရသောအခွန်

## (4) နှစ်ကုန် အခွန်ညှိနှိုင်းပြုပြင်ခြင်း

### ● နှစ်ကုန်အခွန်ညှိနှိုင်းပြုပြင်ခြင်း ဆိုသည်မှာ

တစ်နှစ်တာကာလ၏ ဝင်ငွေလစာစုစုပေါင်းပမာဏတွင် ထမ်းဆောင်ရသော ဝင်ငွေခွန်ပမာဏနှင့် လစဉ်ဝင်ငွေစသည်တို့မှ ကြိုတင်ဖြတ်တောက်ထမ်းဆောင်ခဲ့သော အခွန်ပမာဏစုစုပေါင်းနှင့် မကိုက်ညီသည်မှာ ပုံမှန်ဖြစ်သည်။ ဤတွင် ယင်းနှစ်၏ နောက်ဆုံးလစာကို ပေးအပ်သောအခါတွင် ယင်းအခွန်ကွာဟမှုတွက်ချက်ခြင်းများကို နှစ်ကုန်အခွန်ညှိနှိုင်းပြုပြင်ခြင်းဟုခေါ်ပြီး အလုပ်လုပ်နေသော လုပ်ငန်းနေရာမှ တာဝန်ယူလုပ်ဆောင်ပေးသည်။

အကယ်၍ နှစ်ကုန်အခွန်ညှိနှိုင်းပြုပြင်ခြင်းလုပ်ပြီးနောက် ဒီဇင်ဘာလလ ၃၁ရက်နေ့ထိ ကာလအတွင်း

ကလေးမွေးဖွားခြင်း၊ အာမခံဝင်ခြင်း အခြေအနေများတွင် နောက်လာမည့်နှစ်၏ ဇန်နဝါရီလ

၃၁ရက်နေ့ထိ နှစ်ကုန်အခွန်ညှိနှိုင်းပြုပြင်ခြင်းအတွက် ပြန်လည်ပြုပြင်မှု ပြုလုပ်နိုင်သည်။

### ● အခွန်ပြန်အမ်းခြင်း

ပမာဏများပြားသော ဆေးကုသစရိတ်များကုန်ကျခြင်း၊ ကလေးမီးဖွား၍ မှီခိုသူဦးရေတိုးပွားလာခြင်း၊ တစ်နှစ်တာကာလ၏ ဝင်ငွေမှာ အချိန်ပိုင်းအလုပ်အဆင့်ဖြစ်သောကြောင့် နည်းပါးခဲ့ခြင်း စသောအခြေအနေများကို ကြုံတွေ့ခဲ့သူများသည် လုပ်ခလစာဝင်ငွေရရှိသူများ ဖြစ်သော်လည်း အခွန်ရုံးတွင် အခွန်ကြေညာလျှောက်ထားလျှင် လွန်ခဲ့သည့် ၅နှစ်မှ စ၍ ထမ်းဆောင်ခဲ့သော အခွန်များ၏ တစ်စိတ်တစ်ပိုင်းကို ပြန်အမ်းငွေအဖြစ် ရရှိနိုင်သည်။